၁။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါနည်းလမ်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း အကြောင်းကြားလာပါသဖြင့် အဆိုပါလုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် အကြောင်းကြားအပ်ပါသည်-

(က) အကူအညီများပေးအပ်ရာ၌ လူသားချင်းစာနာမှု၊ ကြားနေမှု၊ ဘက်မလိုက်မှု လွတ်လပ်မှု ဟူသည့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ အခြေခံမူ (၄)ချက်နှင့်အညီ ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ခ) နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများအနေဖြင့် လူသားချင်းစာနာမှု အကူအညီများ ပေးအပ်လိုပါက သက်ဆိုင်ရာအလှူရှင်နိုင်ငံရှိ မြန်မာသံရုံးများမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဆက်သွယ်၍ အလှူပစ္စည်းများကို တရားဝင်လမ်းကြောင်းဖြင့် ပေးပို့လှူဒါန်းနိုင်ပါသည်။

(ဂ) လေကြောင်းဖြင့် ပေးပို့သည့်အလှူပစ္စည်းများကို ရန်ကုန်လေဆိပ်နှင့် မန္တလေး လေဆိပ်တို့တွင် သတ်မှတ်လက်ခံရေးနှင့် ရေကြောင်းဖြင့် ပေးပို့သည့် အလှူပစ္စည်း များကို ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်လက်ခံရယူနိုင်ရေး ညှိနှိုင်းဆောင်ရွက် ပါမည်။

(ဃ) အကူအညီပစ္စည်းများ ပေးပို့လိုကြောင်း အဆိုပြုတင်ပြရာတွင် လှူဒါန်းလိုသည့် အလှူပစ္စည်းအမျိုးအစား၊ အရေအတွက်၊ အလေးချိန်နှင့် ပစ္စည်းတန်ဖိုးများကို တစ်ပါတည်း ပေးပို့ဖော်ပြပေးရန် ဖြစ်ပါသည်။

(င) မြန်မာနိုင်ငံဘက်မှ လက်ခံလိုသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီ အမျိုးအစားများအနေဖြင့် ပြန်လည်တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အကူအညီများ၊ နေအိမ်၊ ကျောင်း၊ ဆေးရုံ စသည့် အဆောက်အအုံ ဆောက် လုပ်ရေးပစ္စည်းများ (သွပ်၊ သံ၊ ဘိလပ်မြေ)၊ ရေသန့်စက်များ၊ ယာယီနေထိုင်နိုင်သည့် ရွက်ဖျင်တဲများ၊ ကျန်းမာရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာ ကိရိယာများ၊ သက်တမ်းကုန်ခါနီးမဟုတ်သော ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ တာရှည်ခံအစားအစာနှင့် အရေးပေါ်စားသောက်ရေးအတွက် စည်သွပ်ဗူးများ စသည် တို့ ဖြစ် ပါသည်။

(စ) ငွေကြေးလှူဒါန်းလိုပါက မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် မြန်မာကျပ်ငွေ ဖြင့် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်၊ CF-003605 သို့ လှူဒါန်းနိုင်ပါသည်၊

နိုင်ငံခြားငွေဖြင့် လှူဒါန်းနိုင်ရန်အတွက် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် နိုင်ငံခြားငွေစာရင်းတစ်ခု မကြာမီ ထပ်မံဖွင့်လှစ်ရန် ရှိပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အင်္ဂလိပ်ဘာသာပြန်ဆိုထားသော Modalities for the Humanitarian Assistance to the displaced people in Northern Rakhine State ကိုလည်း လိုအပ်သကဲ့သို့ အသုံးပြုနိုင်ပါရန် ဤစာနှင့်အတူ ပူးတွဲပေးပို့အပ်ပါသည်။

## Modalities for the Humanitarian Assistance to the displaced people in Northern Rakhine State

### Modalities

The humanitarian assistance to the displaced people in Northern Rakhine State shall follow the fundamental principles of humanity, neutrality, impartiality, independence and voluntary.

International and regional donors, including the ASEAN Member States, should communicate to the Ministry of Foreign Affairs of the Republic of the Union of Myanmar through the Myanmar Embassies/Consulates in their respective Capitals.

The official communication should comprise of detailed information, including type, quantity and weight and prevailing prices of the humanitarian aid.

The provision of humanitarian assistance should also be conducted through official channels.

The Ministry of Social Welfare, Relief and Resettlement shall communicate with relevant Ministries and Departments to receive the humanitarian assistance at the following entry points: -

(a) Yangon International Airport;

(b) Mandalay International Airport; and

(c) Yangon Deep Sea Port;

The Ministry of Social Welfare, Relief and Resettlement shall coordinate with the Ministry of Foreign Affairs, the Ministry of Defence, the Ministry of Transport and Communications, the Ministry of Planning and Finance to facilitate the provision of the humanitarian assistance.

On the distribution of the humanitarian assistance, the Ministry of Social Welfare, Relief and Resettlement shall coordinate with the Red Cross Movement based on the Record of Discussion between the two parties.

**Focal Person**

The focal contact for the humanitarian assistance is as follows: -


Dr. Ko Ko Naing
Director-General
Relief and Resettlement Department
Ministry of Social Welfare, Relief and Resettlement
Office # 23, Nay Pyi Taw
Phone: (095) 67 3404050
Fax: (095) 67 3404512
Email: dr.kokonaing@gmail,com


**Bank Account**

The contribution, in cash, shall be made to the following bank account opened at the Myanmar Economic Bank for the displaced people in Northern Rakhine State: -

| | |
|---|---|
| Bank Account No. | CF 003605 |
| Currency | Myanmar Kyat |
| Bank Name | Myanmar Economic Bank |
| Bank Address | No#26, Thiri Kyawswa Street,<br>Bank Zone, Nay Pyi Taw |

The Ministry will soon open the Foreign Currency Account at the Myanmar Foreign Trade Bank. The details will be provided in due course.

**Required Humanitarian Assistance**

The Ministry of Social Welfare, Relief and Resettlement may wish to advise that the following humanitarian assistance is much needed for the displaced people in Northern Rakhine State:-

(a) Resettlement related assistance;
(b) Housing related assistance (e.g., roof zinc plate, cement, etc.);
(c) Water purification materials;
(d) Tents for temporary camps;
(e) Medical equipments;
(f) Medicines (not close to expiry dates); and
(g) Preserved foods (e.g., canned foods, dried noodles, etc.).